# လူ့အခွင့်အရေးသင်ခန်းစာ (၁)
## လူ့အခွင့်အရေး အဓိပ္ပာယ်

**ရည်ရွယ်ချက်**

– လူ့ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးဆက်စပ်ပုံတို့ကို သဘောပေါက်စေရန်၊
– လူ့အခွင့်အရေးအဓိပ္ပာယ်နှင့် သဘောသဘာဝတို့ကို ကိုယ်တိုင်ဖွင့်ဆိုတတ်ရန်။
– လူ့အခွင့်အရေးအခြေခံအချက် (၄) ချက်ကို သိရှိစေရန်။

## Activity (လှုပ်ရှားမှု)

## Inside (စက်ဝိုင်းအတွင်း)

(၁) အရောင်နှစ်မျိုးရှိသော ရောင်စုံစာရွက် တဃောက်လျင် နှစ်ရွက်စီဝေပါ။
(၂) လူမှာ ဘာထူးခြားချက်ရှိလဲ။ အဘယ်ကြောင့်ကိုယ့်ကိုကိုယ် လူလို့သတ်မှတ်လဲ သို့မဟုတ် လူတွင် ဘယ်လိုမျိုး စိတ်ဓာတ်မျိုးရှိလို့ လူလို့ခေါ်တာလဲ သို့မဟုတ် လူနှင့်တိရိစ္ဆာန် ဘာတွေမတူကွဲပြားလဲဟူသော မေးခွန်းများမေးပြီး စဉ်းစား၍ရသောအချက်များကို အရောင်တူစာရွက်ပေါ်တွင် ပုံဆွဲခိုင်းပါ။
(၃) အားလုံးရေးဆွဲပြီးပြီဆိုပါက တဦးချင်းမိမိရေးဆွဲထားသောပုံများကို အများမြင်အောင်ပြ၍ ဘာကြောင့် ဒီပုံကို ရေးဆွဲထားကြောင်းရှင်းပြခိုင်းပါ။
(၄) သင်တန်းပို့ချသူက တဦးရှင်းပြနေသောအချက်များကို အခြားသူများအားဂရုတစိုက်နားထောင်စေပြီး ထိုပုံများကို စက်ဝိုင်းအတွင်းတွင်ကပ်ပေးပါ။
(၅) အားလုံးရှင်းပြီးပါက စက်ဝိုင်းအတွင်းကပ်ထားသောပုံများကို အားလုံးကိုဝိုင်းလေ့လာစေပါ။
(၆) ထိုအရာများသည် လူသားအားလုံးနှင့် သက်ဆိုင်အကြုံးဝင်ခြင်းရှိမရှိ မေးခွန်းများထုတ်၍ ဆန်းစစ်စေပါ။ (အမျိုးသားများသက်သက်အတွက်လား၊ မြန်မာလူမျိုးများအတွက်သက်သက်လား စသည်ဖြင့် -----)
(၆) ထို့နောက် ထိုစက်ဝိုင်းထဲမှာရှိနေသော အရာများမရှိလျှင် ဘယ်လိုဖြစ်နိုင်မလဲ။ ဘယ်လိုခံစားရမလဲ။ ဒါတွေမရှိရင် လူတွေရဲ့ ဘာတွေကိုထိခိုက်နိုင်မလဲ ဆိုသောမေးခွန်းများမေးပေးပါ။ အဖြေများကို သင်ပုန်းပေါ်တွင်ချရေးပြီး ဒါဆိုရင် စက်ဝိုင်းထဲကပုံများကို စုပေါင်းပြီး ဘယ်လိုခေါ်နိုင်မလဲမေးပါ။ (ဂုဏ်သိက္ခာဆိုသည့် အဖြေရသည်အထိ မေးခွန်းများမေးသွားပါ။)

## Outside (စက်ဝိုင်းအပြင်)

(၁) ယခုအခါတွင် အတွင်းတွင်ရှိသော ဂုဏ်သိက္ခာများအတိုင်းနေနိုင်ရန် လိုအပ်သောအရာများ သို့မဟုတ် ထိုအတိုင်းနေနိုင်ဖို့အတွက် ပံ့ပိုးပေးသောသောအရာများ သို့မဟုတ် ဂုဏ်သိက္ခာရှိစေရန်အတွက် နောက်ထပ်ဘာတွေထပ်လိုမလဲဟူသော မေးခွန်းမေးပါ။
(ဥပမာ– စဉ်းစားဆင်ခြင်နိုင်ဖို့အတွက် နောက်ထပ်ဘာလိုမလဲ၊ ဘဝကိုတိုးတက်မြင့်မားအောင်လုပ်လိုတဲ့စိတ်အတွက် ဘာတွေလိုမလဲ၊ ငြိမ်းချမ်းစွာနေထိုင်ဖို့ဘာလိုမလဲဟူ၍ အစတခုနှစ်ခုဖော်ပေးနိုင်သည်။)
(၂) ထိုလိုအပ်သောအရာများကို စဉ်းစားပြီးပါက ကျန်နေသောစာရွက်တွင် နောက်ထပ်ပုံတပုံဆွဲခိုင်းပါ။
(၃) အားလုံးရေးဆွဲပြီးပြီဆိုပါက တဦးချင်းမိမိရေးဆွဲထားသောပုံများကို အများမြင်အောင်ပြ၍ ဘာကြောင့် ဒီပုံကို ရေးဆွဲထားကြောင်း ရှင်းပြခိုင်းပါ။
(၄) သင်တန်းပို့ချသူက တဦးရှင်းပြနေသောအချက်များကို အခြားသူများအားဂရုတစိုက်နားထောင်စေပြီး ထိုပုံများကို စက်ဝိုင်းအပြင်တွင်ကပ်ပေးပါ။
(၅) အားလုံးမြင်အောင်လေ့လာပြီးသည့်အခါ စက်ဝိုင်းအတွင်းရှိ လူ့ဂုဏ်သိက္ခာများအတိုင်းနေနိုင်ဖို့ နောက်ထပ်ပံ့ပိုးပေးသော စက်ဝိုင်းအပြင်က အရာများကို ဘယ်လိုခေါ်နိုင်မလဲမေးပါ။ (အခွင့်အရေးဆိုသည့် အဖြေထွက်လာအောင် မေးခွန်းများဆက်မေးပါ။)

**Discussion** (အပြန်အလှန်ဆွေးနွေးခြင်း)

အတွင်းနှင့်အပြင်နှစ်ခုစလုံးကို အဓိပ္ပာယ်ဖော်ပြီးက အောက်ပါမေးခွန်းများဖြင့် မေးနိုင်သည်။

- အတွင်းနှင့်အပြင်က ဘယ်လိုဆက်စပ်နေတာကိုတွေ့သလဲ။
- အပြင်မှတခု ဆုံးရှုံးသွားပါက အတွင်းကအရာများဘာဖြစ် သွားနိုင်မလဲ။
- အပြင်ကတခုခုသာမရှိပါက အခြားအပြင်ကအရာတွေရော ဘယ်လိုဖြစ်သွားနိုင်မလဲ။

( ဥပမာ – စာသင်ကျောင်းကို ဖြုတ်ပေးပြီး ကျောင်းမရှိလျှင် ဘာတွေဖြစ်နိုင်မလဲ။ ဘာသာတရားများ ဆုံးမမှုများ မရှိလျှင် ဘာတွေဖြစ်သွားနိုင်မလဲ၊ သဘာဝပတ်ဝန်းကျင်ဆုံးရှုံးသွားပါက ဘာတွေအကျိုးဆက်ဖြစ်နိုင်မလဲ စသည်ဖြင့်) – ဤသို့ဆိုလျှင် အပြင်က **"အခွင့်အရေး "** ကို ဘယ်လိုအဓိပ္ပာယ်ဖွင့်နိုင်မလဲဟုမေးကာ ဖြေဆိုချက်များကို သင်ပုန်းတွင် မှတ်တမ်းတင်ပါ။ (အပြင်နှင့်အတွင်း ဆက်စပ်နေသည်။ အပြင်ကအရာများလဲ တခုနှင့်တခုဆက်စပ်နေသည်။ ဘယ်အရာကိုမှ ပိုအရေးကြီးသည်ပြော၍မရ စသည်ဖြင့် ထွက်ပေါ်လာနိုင်သည်။)

လူ့အခွင့်အရေးဆိုသည်မှာ ကျယ်ပြန့်လွန်းသဖြင့် စကားလုံးတလုံးထဲဖြင့်အဓိပ္ပာယ်ဖော်၍မရပေ။ ယေဘူယျအားဖြင့် လူ့အခွင့်အရေးဆိုသည်မှာ လူသားတို့ဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သော အရာအားလုံး ပင်ဖြစ်သည်။ နိုင်ငံတကာတွင် လူ့အခွင့်အရေးကို အခြေခံအချက် (၄)ချက်ဖြင့် သတ်မှတ်ထားသည်ကို ဆက်လက်လေ့လာရန် ဆက်၍ဆွေးနွေးသွားပါ။

**Input** (အကြောင်းအရာနှင့်ဆက်စပ်သည့် ဗဟုသုတပေးခြင်း)

### လူ့အခွင့်အရေး၏ အခြေခံအချက်များ

၁။ လူ့အခွင့်အရေးသည် လူတိုင်းအတွက် မွေးရာပါအခွင့်အရေးဖြစ်သည်။ (**Human Rights are inherent.)**
လူ့အခွင့်အရေးကို ဝယ်ယူ၍မရ။ လွှဲပြောင်း၍မရ။ လူတိုင်းသည် လူသားဖြစ်နေသော အချက်ကြောင့် လူ့အခွင့်အရေးကို ရယူပိုင်ဆိုင်ခွင့်ရှိသည်။

၂။ လူ့အခွင့်အရေးသည် လူသားအားလုံးနှင့်သက်ဆိုင်သည်။ **(Human Rights are universal.)**
အသားအရောင်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေး၊ လူမှုရေး၊ အတွေးအခေါ်၊ လိင်ကွဲပြားမှု မရွေး လူ့အခွင့်အရေးသည် လူသားအားလုံးအပေါ် တန်းတူညီမျှမှုရှိသည်။ လူသားအားလုံး မွေးဖွားလာသည်မှစ၍ လွတ်လပ်ပြီးတန်းတူညီမျှသော လူ့ဂုဏ်သိက္ခာနှင့် အခွင့်အရေး ရှိသည်။

၃။ လူ့အခွင့်အရေးကို မည်သူကမျှ ယူဆောင်သိမ်းပိုက်၍မရ။ **(Human Rights are inalienable.)**
လူ့အခွင့်အရေးကို မည်သူကမျှ ယူဆောင်သိမ်းပိုက်ခွင့်မရှိ။ လူတယောက်၏ မွေးရာပါအခွင့်အရေးကို ထိုသူ၏နိုင်ငံတော်အစိုးရနှင့် ဥပဒေများက အသိအမှတ်မပြုသည့်တိုင် ထိုလူတွင်လူ့အခွင့်အရေး ခံစားခွင့်ရှိသည်။ ထိုသို့ အသိအမှတ်မပြုခြင်းသည် ထိုသူအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်သည်။

၄။ လူ့အခွင့်အရေးများသည် တခုနှင့်တခု အပြန်အလှန်ဆက်စပ်နေသည်။ (**Human Rights are indivisible.)**

လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်အသက်ရှင်နိုင်ရန်အတွက် လူသားတိုင်းလွတ်လပ်ခွင့်၊ လုံခြုံခွင့်၊ လုံလောက်သော လူနေမှုဘဝများနှင့် လိုက်လျောညီထွေစွာ ခံစားခွင့်ရှိသည်။ မည်သည့်အခွင့်အရေးကိုမှ အခြားအခွင့်အရေးထက် ပို၍အရေးကြီးသည်ဟု ပြော၍မရ။ လူ့အခွင့်အရေးတခု ချိုးဖောက်ခံရခြင်းသည် အခြားအခွင့်အရေးများကိုပါ ထိခိုက်စေသည်။

ထို့အတွက် လူ့ဂုဏ်သိက္ခာသည် လူ့အခွင့်အရေးနှင့်ဆက်စပ်နေသည်။ လူ့အခွင့်အရေးကို ဖယ်ရှား၍မရ၊ လူ့အခွင့်အရေးကို မခံစားရခြင်း၊ ဖယ်ရှားခြင်းသည် လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်သည်။

လူ့အခွင့်အရေးဆိုသည်မှာ တဦးနှင့်တဦးလေးစားမှု၊ လူ့ဂုဏ်သိက္ခာကို အသိအမှတ်ပြုမှု၊ တန်းတူညီတူပြုမှုဖြစ်ပြီး ခွဲခြားခြင်း၊ စော်ကားခြင်းမရှိစေရပါ။ အချို့နေရာများတွင် ဥပဒေကိုလေးစားရန်လိုအပ်သလို ထိုဥပဒေများတွင်လည်း လူ့အခွင့်အရေး ချိုးဖောက်သော ဥပဒေများကို တွေ့နေရသည်။ ဥပဒေများသည် လူ့အခွင့်အရေးများ ချိုးဖောက်သလား၊ လေးစားသလားကို ကြည့်ရန်လိုသည်။ အကယ်၍ လူ့အခွင့်အရေးချိုးဖောက်နေသော ဥပဒေများရှိသည့် နိုင်ငံများဖြစ်ပါက မိမိအခွင့်အရေး ဆုံးရှုံးမှုကို နိုင်ငံတကာနှင့် ကုလသမဂ္ဂသို့ လူ့အခွင့်အရေးချိုးဖောက်ကြောင်းတင်ပြခြင်းသည် ပြည်ပအားကိုးခြင်းမဟုတ်၊ မိမိအခွင့်အရေးဆုံးရှုံးမှုကို တင်ပြနိုင်သောနေရာသို့ တင်ပြခြင်းသာဖြစ်သည်။

### ကမ္ဘာ့ကုလသမဂ္ဂ၏ လူ့အခွင့်အရေးအဓိပ္ပာယ်ဖွင့်ဆိုချက်

လူ့အခွင့်အရေးသည်တကမ္ဘာလုံးရှိ လူသားအားလုံးနှင့်သက်ဆိုင်ပြီး တဦးချင်းနှင့်အုပ်စုလိုက် အခြေခံလွတ်လပ်ခွင့်များနှင့် လူ့ဂုဏ်သိက္ခာအတွက် အာမခံပေးသောအရာများဖြစ်သည်။ လူ့အခွင့်အရေးဥပဒေများကို အစိုးရများကလေးစား လိုက်နာဆောင်ရွက်ရန်တာဝန်ရှိသလို အခြားသူများမှလည်းမချိုးဖောက်စေရန် ကာကွယ်ပေးသောအရာများဖြစ်သည်။ လူ့အခွင့်အရေး၏အရေးကြီးသော သွင်ပြင်လက္ခဏာအချို့မှာ အောက်ပါအတိုင်းဖြစ်သည်။ လူ့အခွင့်အရေးများသည် –

- နိုင်ငံတကာနှင့်ဆိုင်သော အာမခံမှုပေးခြင်း၊
- တရားနည်းလမ်းကျစွာ အကာအကွယ်ပေးခြင်း၊
- လူသားတို့၏ လူ့ဂုဏ်သိက္ခာအပေါ်တွင်သာတည်မှီနေခြင်း၊
- တဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ အကာအကွယ်ပေးခြင်း၊
- အစိုးရနှင့် အစိုးရအဖွဲ့အစည်းများကို တာဝန်ပေးအပ်ခြင်း၊
- လက်လွှတ်ဆုံးရှုံးခြင်း၊ ယူဆောင်သိမ်းပိုက်ခြင်းမပြုနိုင်ခြင်း၊
- တန်းတူညီမျှခြင်းနှင့် အပြန်အလှန်အမှီပြုခြင်း၊
- လူသားအားလုံးနှင့်သက်ဆိုင်ခြင်း တို့ဖြစ်ကြသည်။

**Deepening** (သင်တန်းသားများ၏လက်တွေ့အဖြစ်နှင့်နှိုင်းယှဉ်ဆက်စပ်ပေးခြင်း)
လူ့အခွင့်အရေးသည် တကမ္ဘာလုံးနှင့်သက်ဆိုင်၍ လူတိုင်းအတွက် မွေးရာပါအခွင့်အရေးများဖြစ်ပါသလား။ အဘယ်ကြောင့်လဲ ဆိုသည့်မေးခွန်းကို ဆက်လက်၍ မေးသွားပါ။

**Synthesis** (မည်ကဲ့သို့လုပ်ဆောင်၊ ကာကွယ်တားဆီးနိုင်သည်ကို အဖြေရှာလုပ်ဆောင်စေခြင်း)
မိမိနားလည်သော လူ့အခွင့်အရေးဆိုသည့် အဓိပ္ပာယ်ကို သင်္ကေတတခုဖြင့်ရေးဆွဲစေပြီး ဘာကိုဆိုလိုကြောင်း အခြားသူများအား ရှင်းပြခိုင်းပြီးနောက် သင်ပုန်းတွင် တယောက်စီလာ၍ကပ်စေပါ။

### လိုအပ်သောကိရိယာများ

စာရွက်ကြီး၊ အရောင်နှစ်မျိုးရှိသော စာရွက်များ၊ ရောင်စုံခဲတံများ၊

**ဖတ်ရှုလေ့လာရန်**
လူ့အခွင့်အရေးအခြေခံအချက် (၄) ချက်၊ လူ့အခွင့်အရေးဆိုသည်မှာ အဘယ်နည်း။ လူ့အခွင့်အရေး လက်စွဲစာအုပ်၊ အခန်း–၁ ။

**မှတ်ချက်။**
- လုပ်ရှားမှုတွင် အတွင်းနှင့်အပြင်စက်ဝိုင်းများ၌ ကပ်ရန်ပေးထားသော စာရွက်များတွင် စာဖြင့်ရေးမည့်အစား သင်္ကေတရုပ်ပုံများကို အသုံးပြုသင့်/နိုင်သည်။
– အတွင်းအပြင်စက်ဝိုင်းနှစ်ဝိုင်းအစား လူပုံတပုံရေးဆွဲ၍ သင်တန်းသားများပြောသောပထမစာရွက်ကို သက်ဆိုင်ရာ ကိုယ်ခန္ဓာနေရာတွင် ကပ်ခိုင်းနိုင်ပါသည်။ (ဥပမာ– တွေးခေါ်တတ်ခြင်းဆိုပါက ဦးခေါင်း၊ မေတ္တာဆိုပါက နှလုံးသား၊ တိုးတက်မြင့်မားအောင်လုပ်ချင်စိတ်ဆိုပါက ခြေထောက်စသည်ဖြင့်) သင်တန်းသားများ တွေးမိသည့်အတိုင်း ကပ်ခိုင်း နိုင်ပါသည်။
– သင်တန်းသားများ စာရွက်များထွက်ကပ်ပါက ဘာကြောင့် ထိုပုံများအရေးကြီးကြောင်းပြောဆိုနိုင်ရန် အားပေး၍ နောက်ဆက်တွဲမေးခွန်းများမေးပါ။

လက်တွေ့နှင့်နှိုင်းယှဉ်သည့်အပိုင်းတွင် မိမိ၏ သင်တန်းသားများမှာ လူ့အခွင့်အရေးသင်တန်း အတွေ့အကြုံအခြေခံမရှိပါက –

နည်းလမ်းသစ် (၁) မိမိပတ်ဝန်းကျင်တွင် အခွင့်အရေးတခုကိုချိုးဖောက်ခံရသဖြင့် အခြားအခွင့်အရေးများပါ ထိခိုက်သောအဖြစ်အပျက်မျိုးကို ပြန်လည်စဉ်းစားဆွေးနွေးစေခြင်း (ဥပမာ– နေအိမ်ပြောင်းရွှေ့ခံရသောကြောင့် ကြုံရသောအခြားနောက်ဆက်တွဲ အဖြစ်မျိုးများ၊ ဒုက္ခသည်ဖြစ်သောအကြောင့် နောက်ဆက်တွဲဒုက္ခရောက်သော အဖြစ်မျိုးများ၊ ပညာသင်ကြားခွင့်မရှိသောကြောင့် နောက်ထပ်ဖြစ်သောအဖြစ်မျိုးများ စသည်ဖြင့်)

မိမိသင်တန်းသားများသည် လူ့အခွင့်အရေးအတွေ့အကြုံရှိပါက –
နည်းလမ်းသစ် (၂) လူသားအားလုံးအတွက် တန်းတူဖြစ်သည် (သို့) အာရှနိုင်ငံများတွင် အနောက်နိုင်ငံများနှင့် မတူသော လူ့အခွင့်အရေးစံချိန်စံနှုန်းများရှိသည် ဆိုသောအချက်များအပေါ် အဖွဲ့နှစ်ဖွဲ့ခွဲ၍ အချေအတင် ပြောဆိုနိုင်သည်။


ဂုဏ်သိက္ခာ
Dignity
Rule of